The Mirror

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့(16-11-2008) (၅၈၆၄)

**မိမိတို့ ကြိုးပမ်းတည်ဆောက်သော စီမံကိန်းလုပ်ငန်းများသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးနှင့် မိမိတို့၏မျိုးဆက်သစ် နောင်လာနောက်သားများလက်ထက်အထိ ရေရှည်အကျိုးဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်ရမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် စီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်။**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်ရာ၌ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပြီးစီးအောင် ကြိုးစားလုပ်ကိုင်ကြရန်လို စီမံကိန်းအလိုက် ကုန်ကျစရိတ်များကိုလည်း အနည်းဆုံးဖြစ်အောင် စိစစ်ကြပ်မတ်ချွေတာသုံးစွဲ



**နေပြည်တော်　　နိုဝင်ဘာ　　၁၅**

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

**အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၈) ညှိနှိုင်းအစည်းအဝေးတွင် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)



ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ အခြေချ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ဖွင့်လှစ်ခဲ့သော ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံတယ်လီပို့ ပင်မအဆောက်အအုံကို တွေ့ရစဉ်။

အတည်ပြုချိန် ၃း၀၀

ကြေးမုံ
The Mirror

၁၆-၁၁-၂၀၀၈
(တနင်္ဂနွေနေ့)

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အထူးစီမံကိန်းလုပ်ငန်းများ ပြီးစီးပေါ်ထွက် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်နေသည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းသာယာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူနေမှုဘဝ ပြောင်းလဲ တိုးတက်လာရေးတို့အတွက် အခြေခံကျသော အခြေခံကောင်းများကို ဘက်စုံ၊ ကဏ္ဍစုံမှ ထူထောင် ဖော်ဆောင်ပေးလျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းနိုင်ပြီး မြန်ဆန်စွာ သက်ရောက်မှုရှိမည့် အထူးစီမံကိန်းကြီးများကို ဦးစားပေး အကောင်အထည်ဖော်လျက်ရှိသည်။ သာဓကအားဖြင့် နိုင်ငံ့စီးပွားရေး၏ အဓိကအားထားရာ လယ်ယာကဏ္ဍတွင် လိုအပ်သည့် စိုက်ပျိုးရေ ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ဆည်တမံလုပ်ငန်း ၂၁၆ ခု၊ မြစ်ရေတင်စီမံကိန်း ၃၂၂ ခုတို့ကို တည်ဆောက်ပေးနိုင်မှုကြောင့် တောင်သူလယ်သမားများအနေဖြင့် စပါးအပါအဝင် သီးနှံများ တစ်နှစ်တစ်သီး စိုက်ပျိုးနေရာမှ နှစ်သီး၊ သုံးသီးအထိ သီးထပ်စိုက်ပျိုးဝင်ငွေ တိုးတက်လျက်ရှိသည်။

ထို့အတူ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ စက်မှုနယ်မြေများ၊ ပုဂ္ဂလိကစက်မှုဇုန်များ ဖွံ့ဖြိုးလာစေရန် အားပေး ထူထောင်နိုင်မှုကြောင့် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများကို ထုတ်လုပ်လာနိုင်နေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း တည်ဆောက်ဖော်ဆောင်လျက်ရှိရာ ယခင်က ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀ ကျော်သာရှိရာမှ ယခုအခါ မဂ္ဂါဝပ် ၉၀၀ ခန့်အထိ တိုးတက်ဖြစ်ပေါ်လျက်ရှိပြီဖြစ်သည်။

အလားတူ ကားလမ်း၊ ရထားလမ်းသစ်များနှင့် မြစ်ကူးတံတားပေါင်းများစွာကို နိုင်ငံတစ်ဝန်း၌ ကွန်ရက်ပမာ လက်ယှက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပြည်သူများ ဒေသတစ်ခုမှ တစ်ခုသို့ လွယ်ကူစွာ ကူးသန်းဆက်သွယ် သွားလာနိုင်လျက်ရှိသည်။

အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရာတွင် သုံးစွဲရသည့် ငွေကြေး၊ လုပ်ငန်းပမာဏ ကြီးမားများပြားသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော အခြေခံကောင်းများကို ထူထောင်ပေးနေခြင်းကြောင့် စီမံကိန်း အကျိုးသက်ရောက်မှုများကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။ အဆိုပါစီမံကိန်းလုပ်ငန်းများ မြန်ဆန်စွာ တည်ဆောက်ပြီးစီးရေး ဆက်လက်ကြိုးပမ်းနိုင်သည်နှင့်အမျှ ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

# ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြား





နေပြည်တော် နိုဝင်ဘာ ၁၅

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်လမ်းရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန် စာသင်ဆောင်၌ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။**

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားရာတွင် ဆေးပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားလာစေရေး၊ အရည်အသွေးပြည့်ဝသော ဆရာဝန်ကောင်းများ ဖြစ်လာစေရေးနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုနိုင်သည့် သဘောထားခံယူချက်ရှိသူများ ဖြစ်လာစေရေးအတွက် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ ဆရာ၊ ဆရာမများအား အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)

ထို့နောက် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက သုံးသပ်ညှိနှိုင်းပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ခန်းမဆောင်၌ကျင်းပရာ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၀ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင် ဖိလစ်ပိုင်သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်နှင့် မန္တလေးတိုင်း ဥပဒေအရာရှိ ဦးရဲအောင်မြင့်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ ကျင်းပသည့် တရုတ်-အာဆီယံ အစိုးရရှေ့နေများ၏(၅)ကြိမ်မြောက် အတွေ့အဆုံ ထွေညီလာခံ အစည်းအဝေး သို့ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက် ညပိုင်းတွင်နေပြည်တော်သို့လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ ပန်းချီအသင်း နှစ်(၉၀)ပြည့်အထိမ်းအမှတ် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ ပန်းချီအသင်းဖွဲ့စည်းခဲ့သည့် နှစ်(၉၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး အစည်းအဝေးကို မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အစည်းအဝေးခန်းမ၌ကျင်းပရာ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ ဒုတိယဥက္ကဋ္ဌဦးသန့်စင်၊ ဦးစောလှိုင်၊ ဦးရွှေမိတ်၊ ဦးအောင်သိန်းနှင့် အတွင်းရေးမှူး ဦးကြည်ဝင်း (To-day)၊ Perfect မဂ္ဂဇင်းမှဦးနိုင်ကြီးနှင့် အမှုဆောင်များ ဆွေးနွေးကြသည်။

အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာနောက်ဆုံးပတ်၌ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပန်းချီအသင်းကို စတင်တည်ထောင်ခဲ့သည့် ပန်းချီဆရာကြီးများ၏ ပုံတူများနှင့်ဆရာကြီးများ၏ ပန်းချီကားများကို ခင်းကျင်းပြသမည်ဖြစ်သည်။ In door, Outdoor လက်တွေ့ပန်းချီ စုပေါင်း ရေးဆွဲခြင်းဖြင့် ဂုဏ်ပြုကြမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်းသိရသည်။ (ကြေးမုံ)

# ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့)နှင့် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဂရိတ်ဝေါ ဆေးဝါးထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းက ပံ့ပိုးကူညီသည့် ၂၀၀၈ခုနှစ် ရန်ကုန်တိုင်း အခြေခံပညာကျောင်းပေါင်းစုံ ကြက်တောင်ရိုက်ပြိုင်ပွဲကို နိုဝင်ဘာ၆ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**နိုဝင်ဘာ ၁ ရက်က သဃ်န်းကျွန်းမြို့နယ်အမှတ်(၂၈)အခြေခံပညာမူလတန်းကျောင်းမိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း(ခ)၌ အတန်းတွင်းပထမဆုနှင့် အတန်းချုပ် ပထမဆုရရှိသောမဇူဇူဝေထွန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်မော်မော်သင်း ဆုချီးမြှင့်စဉ်။**

(ပညာရေး)

# စာဆိုတော်နေ့အကြို စာပေဟောပြောပွဲများ မြိတ်မြို့၌ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)၊ ဗဟိုအမှုဆောင် ကော်မတီဝင်များ ဖြစ်ကြသည့် ဦးမြတ်ခိုင် (မြတ်ခိုင်) နှင့် ဦးခင်ဆွေ(ရွှေစွန်ညို)တို့သည် နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ တနင်္သာရီတိုင်းမြိတ်မြို့သို့ သွားရောက်၍ မြိတ်မြို့ ပုလဲရတနာခန်းမ၊ သံသရာအေး ပညာရေးကျောင်း၊ မြိတ်မြို့အမှတ် (၁)၊(၂)၊(၃)နှင့် (၄) အခြေခံပညာ အထက်တန်းကျောင်းများ၊ မြို့သစ်ဓမ္မာရုံနှင့် မြိတ်မြို့ တစ်ဖက်ကမ်းရှိ ပထက်ကျွန်း အလယ်တန်းကျောင်းတို့၌ စာဆိုတော်နေ့အကြိုစာပေဟောပြောပွဲနှင့် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

**ပေးအပ်လှူဒါန်း**

၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းကငွေကျပ်ငါးသိန်းကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာ တင်ထွန်းဦး) ထံသို့ နိုဝင်ဘာ၇ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

**ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံသို့ ရောက်ရှိနေကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော် Rashtrapati Bhawar သို့ သွားရောက်၍ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား တွေ့ဆုံနှုတ်ဆက်ကြသည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ့်ရူဒင်အာမက်၊ ဘူတန်နိုင်ငံဝန်ကြီးချုပ် Lyonchhen Jigmi Y.Thinley၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာ ဂျာပတ်ခ့်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat တို့နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းလည်း တက်ရောက်သည်။ (သတင်းစဉ်)



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား တွေ့ဆုံနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်၌ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပရာတီဘာပတေးလ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်အား နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri- La Hotel ၌ လာရောက် တွေ့ဆုံစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နီပေါနိုင်ငံ ဝန်ကြီးချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

**တက်ရောက်**

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး နီပေါနိုင်ငံဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Upendra Yadav နှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



ကြေးမုံ
The Mirror

နိုင်ငံတကာသတင်းများ

## အီရတ်နှင့် အာဖဂန်နစ္စတန်သတင်းများ



## အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး အမေရိကန်တပ်ဖွဲ့ သေဆုံးသူ ၄၁၉၇ဦး ဖြစ်လာ

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၅**

အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော သီးခြားဖြစ်ရပ်နှစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း သောကြာနေ့တွင် အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက် မွန်းလွဲပိုင်း၌ တိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ တပ်ဖွဲ့ဝင်တစ် ဦး သေဆုံးကြောင်း စစ်ဘက်မှကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ နောက်ထပ် တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်မြို့တွင် ယင်းနေ့စောစောပိုင်းက တိုက်ခိုက်မှုနှင့် မသက်ဆိုင်သော အခြားဖြစ်ရပ်တစ်ခုတွင် သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အခြားကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

၂၀၀၃ခုနှစ်မတ်လတွင်အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ စတင်ကျူးကျော်ချိန်မှ ၂၀၀၈ ခုနှစ် နိုဝင်ဘာဒုတိယပတ်အထိ အီရတ်နိုင်ငံ၌အမေရိကန် တပ်ဖွဲ့ဝင် ၄၁၉၇ ဦး သေဆုံးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ် ကိန်းဂဏန်းများက ဖော်ပြသည်။ **အင်တာနက်။**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက် ရှာအတ်ခရိုင်တွင် အသေခံဗုံးဖြင့်တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော ယာဉ်များကို နိုဝင်ဘာ ၁၃ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ ကားဗုံးဖြင့်တိုက်ခိုက် ၁၀ ဦးသေဆုံးပြီး ၇၀ ကျော်ဒဏ်ရာရရှိ

**ကဘူး နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ဘက် နင်ဂါဟာပြည်နယ်တွင် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ၏ ယာဉ်တန်းကို အသေခံကားဗုံးဖြင့် တိုက်ခိုက်ရာ နိုင်ငံစုံ တပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သား ၁၀ ဦး သေဆုံးပြီး ၇၀ ကျော်ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ်၄၀ ကဂျလာလာဘတ်-တော့ခ်ဟမ်အဝေးပြေးလမ်းပေါ်ရှိနိုင်ငံစုံတပ်ဖွဲ့ယာဉ်တန်းကို ယခုကဲ့သို့ အသေခံကားဗုံးဖြင့် တိုက်ခိုက်ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်သည် အဆိုပါနေရာ၌ နှစ်ရက်အတွင်းဒုတိယအကြိမ်ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။**အင်တာနက်။**

## အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ အယ်လ်ခိုင်ဒါစစ်သွေးကြွလေးဦး သေဆုံး

**ကဘူး နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်ခ်တီရာပြည်နယ်တွင် နိုဝင်ဘာ ၁၃ရက်က အမေရိကန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့များ စစ်ဆင်ရေးပြုလုပ်ရာ အယ်လ်ခိုင်ဒါစစ်သွေးကြွလေးဦးသေဆုံးကြောင်း နိုင်ငံစုံတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဇာမတ်ခရိုင် နယ်မြေအတွင်း အသေခံတိုက်ခိုက်မှုများနှင့် အသေခံဗုံးခွဲမှုများကို စီစဉ်ဆောင်ရွက်နေကြသော ဒေသဆိုင်ရာ တာလီဘန်ခေါင်းဆောင်များကို ထောက်ပံ့ကူညီနေသည့် အယ်လ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့များအား ပစ်မှတ်ထား တိုက်ခိုက်ကြောင်း သတင်းက ဖော်ပြသည်။ အဆိုပါစစ်ဆင်ရေးအတွင်း အေကေ-၄၇ ချေမှုန်းရေး ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများ၊ လက်ပစ်ဗုံးများနှင့် ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းနေရာ၌ ဖျက်ဆီးခဲ့ကြောင်း နိုင်ငံစုံတပ်ဖွဲ့ကပြောကြားသည်။ **အင်တာနက်။**

**အာဖဂန်နစ္စတန်နိုင်ငံ နင်ဂါဟာပြည်နယ် ဘက်တီကို့ခရိုင်တွင် အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်ကို နိုဝင်ဘာ ၁၃ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**လန်ဒန် နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ကြာသပတေးနေ့တွင် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

ဗြိတိသျှကြည်းတပ် ထောက်ပံ့ရေးတပ်ဖွဲ့မှ ဘုရင့်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းက ဟဲလ်မန့်ပြည်နယ်တောင်ပိုင်း ဂါမဆာခရိုင်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့်သေဆုံးခဲ့ကြောင်း စစ်ဘက်ကပြောကြားသည်။

၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင် ၁၂၄ ဦး သေဆုံးခဲ့ပြီး လောလောဆယ် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် ဗြိတိန်တပ်ဖွဲ့ဝင် ၈၀၀၀ ခန့် တပ်ဖြန့်ချထားလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အီရတ်အနောက်ပိုင်း၌ ကုန်တင်လေယာဉ်ပျက်ကျ ခုနစ်ဦး သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၅**

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် နိုဝင်ဘာ ၁၃ ရက်က အရပ်ဘက် ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျရာ လေယာဉ်အမှုထမ်း ခုနစ်ဦး သေဆုံးကြောင်းအမေရိကန်စစ်ဘက်က သောကြာနေ့တွင်ပြောကြားသည်။ အင်ဘာပြည်နယ်အယ်လ်အက်ဆက်လေတပ်စခန်းမှဘဂ္ဂဒက်မြို့သို့ပျံသန်းလာသည့် ရုရှားနိုင်ငံလုပ် အင်-၁၂ အမျိုးအစား ကုန်တင်လေယာဉ်သည် သဲကန္တာရဒေသအတွင်းသို့ ပျက်ကျခဲ့ကြောင်း စစ်ဘက်ဆိုင်ရာ သတင်း၌ ဖော်ပြသည်။

လေယာဉ်ပျက်ကျရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။ **အင်တာနက်။**

## အာဖဂန်နစ္စတန်၌ အသေခံတိုက်ခိုက်မှုများကြောင့် အာဖဂန်ဆောက်လုပ်ရေးဝန်ထမ်းသုံးဦး သေဆုံး

**ကဘူး နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံတွင် နိုဝင်ဘာ ၁၄ရက်က အသေခံတိုက်ခိုက်ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိမှုဖြစ်ပွားစဉ်စစ်သွေးကြွများက အာဖဂန်ဆောက်လုပ်ရေးဝန်ထမ်းသုံးဦးအား သေနတ်ဖြင့် ပစ်ချခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ခို့စ်ပြည်နယ်အရှေ့ပိုင်းတွင် တိုက်ခိုက်သူများက လူသုံးဦးအား သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းပြည်နယ် ခို့စ်မြို့ပြင်၌ ရဲကားတစ်စီးအား အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။ **အင်တာနက်။**

## သဘာဝဘေးအန္တရာယ် သတင်းများ

## အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား၌ မြေပြိုကျ ၁၀ ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေ

**ဂျကာတာ နိုဝင်ဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် မြေပြိုကျမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝ ဘေးအန္တရာယ် ကြိုးကြပ်ရေးအေဂျင်စီက သောကြာနေ့တွင် ပြောကြားသည်။

နိုဝင်ဘာ ၁၃ရက်ည သန်းခေါင်ယံအချိန်က ယင်းပြည်နယ်၏ဆီအင်ဂျာစီရင်စု ကမ်ပါကာနှင့် ဆီဘီဘာခရိုင်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့်မြေပြိုခြင်းနှင့်ရေကြီးခြင်းများဖြစ်ပွားခဲ့ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)** မြေပြိုမှုကြောင့် အိမ်ခြေ ၅၄ လုံး ပျက်စီးခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးခြင်းနှင့်မြေပြိုခြင်းတို့မှာ မကြာခဏကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်များဖြစ်သည်။ **အင်တာနက်။**



## နီကာရာဂွါ ပစိဖိတ်ကမ်းရိုးတန်း၌ ငလျင်လှုပ်

**မာနာဂွါ နိုဝင်ဘာ ၁၅**

နီကာရာဂွါ ပစိဖိတ်ကမ်းရိုးတန်းတွင် နိုဝင်ဘာ ၁၃ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ပြီး သေကျေဒဏ်ရာရရှိခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းတို့ မရှိကြောင်း သိရသည်။

အဆိုပါငလျင်သည်ဒေသစံတော်ချိန် နံနက် ၃ နာရီ ၂၉ မိနစ်က နီကာရာဂွါနိုင်ငံ မာနာဂွါမြို့တောင်ဘက် ၁၄၄ ကီလိုမီတာအကွာကို ဗဟိုပြုလှုပ်ခတ်သွားသည်။ **အင်တာနက်။**

## ကယ်လီဖိုးနီးယားတောင်ပိုင်း၌ တောမီးလောင်ကျွမ်း အိမ်ခြေ ၈၀ ခန့် ပျက်စီး၊ လေးဦးဒဏ်ရာရ

**ဆန်တာဘာဘာရာ နိုဝင်ဘာ ၁၅**

ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း ဆန်တာဘာဘာရာဒေသအရှေ့တောင်ဘက်ရှိ မွန်တီဆီတိုတောင်ခြေတွင် နိုဝင်ဘာ ၁၃ရက် ညနေ ၆နာရီခန့်က တောမီးလောင်ရာ အိမ်ခြေ ၈၀ ခန့် မီးလောင်ကျွမ်းခဲ့ပြီး လေးဦးဒဏ်ရာရရှိကာ ထောင်နှင့်ချီသောလူများကို ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ တောမီးသည် စတုရန်းသုံးမိုင်ကျော်ရှိ ဧက ၂၀၀၀ခန့်ကို လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင် ၅၀၀ခန့်က မီးငြိမ်းရန် ကြိုးပမ်းလျက်ရှိသည်။ **(အောက်ပုံ)**

တောမီးလောင်မှုအရှိန် မြင့်လာပြီး လျှပ်စစ်ဓာတ်အားတာဝါတိုင်များ အန္တရာယ်ရှိလာမှုကြောင့် ဆန်တာဘာဘာရာဒေသရှိ အိမ်ခြေ ၂၀၀၀၀ ကျော်ကို လျှပ်စစ်ဓာတ်အားဖြတ်တောက်ခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ရက် ညဉ့်နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံ သံအမတ်ကြီးနေအိမ်သို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့်ဇနီး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ နယူးဒေလီမြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာ ဆရာဝန်ကြီးများက ကြိုဆိုကြသည်။**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ကောင်စစ်ဝန်ချုပ်တို့ဦးဆောင်သော သံရုံးဝန်ထမ်းမိသားစုများက အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား သံအမတ်ကြီး၊ စစ်သံမှူးနှင့် ကောင်စစ်ဝန်ချုပ်တို့ဦးဆောင်၍ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ မြန်မာနိုင်ငံမှလာရောက်တာဝန်ထမ်းဆောင်နေကြသည့်ဝန်ထမ်းများက ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ယခုကျင်းပပြီးစီးခဲ့သည့် ဒုတိယအကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ဆက်ဆံမှုများမှ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်အောင်မြင်နေပုံ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားမီဒီယာများမှ မည်သို့ပင်ဆိုစေကာမူ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်စွာ တိုးတက်ဖြစ်ထွန်းနေမှုများနှင့် စီးပွားရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နေမှုများကြောင့် လူမှုဘဝ အဆင့်အတန်း မြင့်မားတိုးတက်လာပုံ၊ ပြည်ပနိုင်ငံအချို့၏ စီးပွားရေး ပိတ်ဆို့ထားမှုများ ရှိသော်လည်း ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ဖြင့် တည်ဆောက်ထားနိုင်၍ ယခုကဲ့သို့ နိုင်ငံတကာ ငွေကြေးအကျပ်အတည်းမျိုးတွင် ရိုက်ခတ်မှု အနည်းငယ်သာသက်ရောက်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံ ပြည့်စုံသည့်အပြင် ပိုလျှံနေခြင်းကြောင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကျရောက်ပြီး နောက်ပိုင်းကာလများ၏ သဘာဝဘေးအန္တရာယ်သင့်ပြည်သူများအား လုံလောက်စွာကျွေးမွေးထားနိုင်ခဲ့ခြင်းများကို လည်းကောင်း၊ ယခုခရီးစဉ်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ တိုးတက်ဖြစ်ထွန်း အောင်မြင်မှုများကို လည်းကောင်း၊ လူမှုရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်နေသည်များကို လည်းကောင်း၊ ပြည်သူများ လိုလားတော့်တလျက်ရှိသည့် ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မိမိနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ခြည်မပြတ် သိရှိရန်လိုအပ်သကဲ့သို့ ပြည်ပနိုင်ငံများ၏ ပြောင်းလဲဖြစ်ပေါ်မှုများကို သိရှိထားရန်နှင့် မိမိတို့နိုင်ငံသည် နိုင်ငံကြီးများနှင့်အဆင်ပြေချောမွေ့စွာ တိုးမြှင့်ဆက်ဆံသည်နှင့်အညီ မိမိနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုဂုဏ်ကျက်သရေရှိရှိ ပြသနေထိုင်ဆက်ဆံရေးများကို လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံများ၏တရားဥပဒေနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို အလေးထား လိုက်နာဆောင်ရွက်ပြီး မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ ဆောင်ရွက်နိုင်ရေးတို့အား ဆောင်ရွက်သွားကြရန်တို့ကို လည်းကောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

# မြန်မာ-အိန္ဒိယ ကုန်သည်/စက်မှုအသင်းချုပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် အိန္ဒိယ သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (FICCI) တို့ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၂ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ (FICCI) ရုံး၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော စီးပွားရေး လုပ်ငန်းရှင်များ၊ အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး Mr. Kantha Rao၊ FICCI ဥက္ကဋ္ဌ Mr. Daya K. Goyal ခေါင်းဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ FICCI ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးက နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဘင်းမ်စတက်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားလာမှု မြှင့်တင်ရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်လေးက နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှစ်နိုင်ငံလုပ်ငန်းရှင်များ အသင်းချုပ်နှင့် လုပ်ငန်းရှင်များ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံလုပ်ငန်းရှင်များသည် စီးပွားရေးကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနေ့ နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ Hotel Le Meridien ၌ ကျင်းပသည့် BIMSTEC Business Summit သို့ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အဖွဲ့ဝင်ခြောက်ဦးတို့ တက်ရောက်ခဲ့ကြသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လုပ်ငန်းရှင်များသည် နိုဝင်ဘာ ၁၃ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ Secratary, Mr. Yashwant Bhave နှင့် တာဝန်ရှိသူများ၊ The State Trading Cooperation of India Ltd. (STC) မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပဲရောင်းဝယ်ရေး ကိစ္စများကို ဆွေးနွေးကြသည်။ (သတင်းစဉ်)



**ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် အိန္ဒိယ သမ္မတ နိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ် (FICCI) တို့ တွေ့ဆုံဆွေးနွေးပွဲကို အိန္ဒိယသမ္မတ နိုင်ငံ နယူးဒေလီမြို့ရှိ (FICCI) ရုံး၌ ကျင်းပစဉ်။** (သတင်းစဉ်)

✧ ကျောဖုံးမှ

ငွေကြေးဂယက်နှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်ကြကာ စားနပ်ရိက္ခာဖူလုံရေးကိစ္စ၊ စွမ်းအင်ဖူလုံရေးကိစ္စနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် Hotel Taj Palace ရှိ Mumtaj Mahal ခန်းမဆောင်၌ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသော နေ့လယ်စာ စားပွဲသို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

နေ့လယ်စာစားပွဲအပြီး မွန်းလွဲ ၁ နာရီခွဲတွင် Durbar Hall ၌ ဒုတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပရာ အဆိုပါသတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြပြီး ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က ဘင်းမ်စတက်အဖွဲ့၏ သမိုင်းကြောင်း၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များ၊ ဒုတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုတို့နှင့်စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သတင်းဌာနများ၏ ဘင်းမ်စတက်အဖွဲ့နှင့်စပ်လျဉ်းသည့် မေးမြန်းချက်များကို ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး မွန်းလွဲ ၂ နာရီတွင် သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖာ့ခ်ရူဒင်အာမက် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri- La Hotel ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာဘောလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန် ကိုရီးယားဘောလုံးအဖွဲ့ချုပ်မှ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့ ဘောလုံးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် ညနေ ၃ နာရီက အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များ၊ ကိုရီးယားဘောလုံးအဖွဲ့ချုပ်မှ Director General Mr. Seung Hwan Ko နှင့် တာဝန်ရှိသူများ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ ကိုရီးယားဘောလုံးအဖွဲ့ချုပ် (KFA) မှ Director General Mr. Seung Hwan Ko က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ထံသို့ ဘောလုံး အလုံး ၂၀၀၀ ကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကျေးဇူးတင်စကား ပြောကြားသည်။ (ကြေးမုံ)

# မော်လမြိုင် စက်မှုလက်မှု အထက အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မော်လမြိုင် စက်မှုလက်မှု အထက်တန်းကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသားဟောင်းများက အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၃ရက်(စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ သတ္တမအကြိမ်အထိ တက်ရောက်ခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မိတ်ဆုံပွဲသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆရာဦးညဏ်ထွန်း ဖုန်း-၆၄၁၈၄၆၊ ဦးဆန်းဦး ဖုန်း-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၁-၁၁၇၅၈၊ ဦးထွန်းလွင် ဖုန်း-၇၂၄၇၁၃၊ ဦးမင်းငွေသန်း ဖုန်း-၆၈၃၄၁၉၊ ဦးရွှေဝင်း ဖုန်း-၀၉-၅၁-၆၉၆၂၃၊ ၆၈၀၂၂၆နှင့် ဦးစိုးမြင့် ဖုန်း-၀၉-၅၁-၇၇၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံ ဗိသုကာများအသင်း သက်ကြီးပူဇော်ပွဲနှင့် သင်းလုံးကျွတ်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ ဗိသုကာများအသင်း၏ ၂၀၀၈ ခုနှစ် သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် အမှုဆောင်အသစ် ပြန်လည်ရွေးချယ်မည်ဖြစ်သဖြင့် အသင်းသားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ဗိသုကာများအသင်း)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်၊ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၀ ၅။ **"အဆုံးအဖြတ်" (ခန့်စည်သူ၊ ဌက်ပျောကြော်၊ အေးမြတ်သူ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ - ဖုန်းမြင့်အောင်)**
- ၈း၀၅ ၆။ တေးဂီတအစီအစဉ်
- ၈း၂၀ ၇။ အတီးအပြိုင်ပွဲ
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာ တေးသံသာ
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၂၅ ၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေမေ့မေတ္တာ ကုဋေကုဋာ" (အပိုင်း -၂၂)**
- ၁၂း၂၀ ၄။ Golf Magazine (TV)
- ၁၂း၄၀ ၅။ **မြန်မာရုပ်ရှင် "ပန်းတွေနဲ့ဝေ"** (ညွှန့်ဝင်း၊ အောင်လွင်၊ ခင်ယုမေ) (ဒါရိုက်တာ-မောင်ဝဏ္ဏ)
- ၂း၁၅ ၆။ International News.
- ၂း၃၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၃း၂၀ ၁။ တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲ -ကိုရီးယား(ဟွန်ဒိုင်းကလပ်) နှင့် ဗီယက်နမ်
- ၅း၂၀ ၂။ ဆိုကြမယ် ပျော်ကြမယ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၃၀ ၄။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၅။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆း၅၅ ၆။ **တစ်မျက်နှာတစ်ကွက်စာ " မဖြစ်နိုင်ပါဘူး" (ထက်ထက်၊ ဝါဝါမေမောင်၊ ခေါ်လေး) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်) ]**
- ၇း၁၅ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" ( အပိုင်း-၁၄)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ " အချစ်စစ်ရှာဖွေခြင်း" (အပိုင်း -၈)**
- ၁၂။ အစီအစဉ်ပြီး၏။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၃၀ ၄။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် - နှလုံးသားအတွက် ဟင်းတစ်ခွက်**
- ၁း၅၀ ၅။ အမျိုးသားရေး တေးကဗျာ
- ၁း၅၅ ၆။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၇။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း သံယောဇဉ်နှောင်ကြိုး (အပိုင်း-၂၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ပဟေဋ္ဌိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -ငါးကလေး (အပိုင်း-၈)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူ အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၁၄ရက် နံနက် ၅နာရီခွဲတွင် ခေတ္တတည်းခိုသည့် နယူးဒေလီမြို့ရှိ Shangri-La Hotel မှ မော်တော်ယာဉ်များဖြင့် အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Pallam Rajv နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးနေဝင်းနှင့် ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်သည် အင်ဒီရာဂန္ဒီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာကြရာ နံနက် ၁၁နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

## ပို့ဆောင်နှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Pallam Rajv အိန္ဒိယသမ္မတနိုင်ငံ အင်ဒီရာဂန္ဒီ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၁၁-၂၀၀၈ (တနင်္ဂနွေနေ့)**

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ “ပရဟိတစိတ်ဓာတ်” တရားတော် (ပထမပိုင်း) (ဆရာတော်အရှင်ဆန္ဒာဓိက)
၇း၄၅ - ၁း၄၅ Sunday Talk [ကိုကိုလှိုင်၊ မျိုးအောင်(ရုက္ခဗေဒ)မျက်မှောက်ရေးရာမဂ္ဂဇင်း အယ်ဒီတာချုပ်၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၀ - ၃း၀၀ Soccer Update
၉း၁၅ - ၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅ ကိုယ်ဝန်ဆောင်မိခင်နှင့်မွေးကင်းစကလေးကျန်းမာရေး (ပညာပေးဆွေးနွေးခန်း) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိဂီမြင့်)
၉း၅၀ - ၃း၅၀ တေးဂီတအစီအစဉ်
၉း၅၅ - ၃း၅၅ Euro Goals
၁၀း၁၅ - ၄း၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ “မြင်းမိုရ်ထက်ကသရဖူ”
၁၀း၄၅ - ၄း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀ အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၁း၁၀ - ၅း၁၀ တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅ မိုးလေဝသခန့်မှန်းချက်
၁၁း၂၀ - ၅း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး “မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ”
၁၁း၂၅ - ၅း၂၅ ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၁း၃၅ - ၅း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅ သဘာဝကပေးသောလက်ဆောင်များ
၁၁း၅၅ - ၅း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ)
၁၂း၂၀ - ၆း၂၀ International Video Topics [ပျောက်ဆုံးနေသောရှေးဟောင်းမြို့တော် (အပိုင်း - ၁)]
၁၂း၄၀ - ၆း၄၀ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၁၂း၅၅ - ၆း၅၅ တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Barclays Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | Everton -Middlesbrough | ESPN(Live) |
| ၁၀း၂၅ | Hull City -Man City | ESPN(Live) |

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

# ဥတုရာသီ တောကိုမှီ၏

## Mandalay FM အချိန်တိုးချဲ့ထုတ်လွှင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

Mandalay FM ရေဒီယိုကို ၂၀၀၈ခုနှစ် ဧပြီ ၃ရက်မှ စတင်စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး စမ်းသပ်ထုတ်လွှင့်စဉ်ကာလတွင် ၅နာရီစာ အစီအစဉ်များကို ထုတ်လုပ်၍ နေ့စဉ် နံနက် ၅နာရီခွဲမှ ည ၈နာရီခွဲ အထိ တစ်နေ့လျှင် ၁၅နာရီကြာ ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

စမ်းသပ်ထုတ်လွှင့်ချိန်များအတွင်း အစီအစဉ်များ ကောင်းမွန်ရေးကို အထူးဦးစားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးကြော်ငြာများကို ထည့်သွင်းခြင်းမပြုလုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ Mandalay FM ရေဒီယိုအသံထုတ်လွှင့်မှုအချိန်ကို နိုဝင်ဘာ ၁၈ရက်မှစ၍ နံနက် ၅နာရီမှ ည ၁၁ နာရီအထိ နေ့စဉ် ၁၈နာရီ ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ၁၈နာရီစာ အစီအစဉ်များတွင် နားဆင်သူများ ရသစုံလင်စွာ တင်ဆက်နိုင်ရေးအတွက် ၁နာရီစာ ထုတ်လွှင့်မှု အစီအစဉ်တိုင်းတွင် သတင်းအချက်အလက်များဖြစ်သော အားကစားသတင်း၊ နိုင်ငံတကာသတင်း၊ ဒေသဆိုင်ရာသတင်းများ၊ စကားပြောအစီအစဉ်များအဖြစ် တွေ့ဆုံမေးမြန်းခြင်းများ၊ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများနှင့် ကလေးများအတွက် သီးခြားအစီအစဉ်များအပြင် တေးသီချင်းထုတ်လွှင့်မှုများတွင် ရိုးရာတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ နိုင်ငံတကာသီချင်းများနှင့် နောက်ဆုံးပေါ်တေးသီချင်းများကို အချိုး မျှတစွာ ထည့်သွင်းစီစဉ်ထားကြောင်း သိရှိရသည်။

ထို့အပြင် ၁၈နာရီ အစီအစဉ်များ စတင်ထုတ်လွှင့်ချိန်တွင် စီးပွားရေးကြော်ငြာများကို နားဆင်သူများ ရသမပျက်စေရန် ဦးစားပေး၍ အချိုးကျကျ ကန့်သတ်လက်ခံထည့်သွင်းသွားမည်ဖြစ်ရာ ယင်းသို့ ထည့်သွင်းရာ၌ ကြော်ငြာများ ပိုမိုထိရောက်စေရန်နှင့် နားဆင်သူများ သတိပြုမှတ်မိနေစေရန် အလေးထား၍ စဉ်းစားစီစဉ်ဆောင်ရွက်ထားခြင်းကြောင့် ကြော်ငြာရှင်များအတွက် ပိုမိုအကျိုးရှိမည့်အပြင် Mandalay FM ပရိသတ်များအတွက်လည်း ရသမပျက် စွဲမက်နားဆင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အလက(၄)ကြည့်မြင်တိုင် (ဦးကြွယ်ဟိုးလမ်း) ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၅**

အမှတ်(၂၃) ဦးကြွယ်ဟိုးလမ်း အလက (၄) ကြည့်မြင်တိုင် (ယခင်မြင့်ကောလိပ်)၌ ၁၉၆၅ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက် ၆၀နှင့်အထက် အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးတို့အား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၂ရက် (အမျိုးသားနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းဟောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ကြွရောက် ပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကိုခင်မောင်ဝင်း ဖုန်း- ၀၉-၅၀၂၁၁၉၇၊ ကိုဝင်းဦး ဖုန်း-၀၉-၅၁၂၄၁၇၈၊ ကိုလှမြင့် ဖုန်း-၀၉-၅၁၁၉၉၁၉၊ မကြည်ကြည်အေး ဖုန်း-၅၂၆၂၃၆၊ မပြုံးပြုံးရီ ဖုန်း-၅၁၇၃၁၃၊ မလှလှဌေး ဖုန်း-၅၂၄၃၁၈၊ ဒေါက်တာအေးအေးမြင့် ဖုန်း-၀၉-၅၁၆၅၅၈၅၊ ကိုဝင်းရွှေ ဖုန်း-၀၉-၅၀၅၆၃၆၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၄၆)

## လာရောက်တွေ့ဆုံ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. R. Bogollagama အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad House ၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဘင်္ဂလားဒေ့ရှ်၊ နီပေါနှင့် သီရိလင်္ကာနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၅**

(၁၁)ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား နိုဝင်ဘာ ၁၂ရက် နံနက် ၁၀နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် Dr.Iftekhar Ahmed Chowdhury သည်လည်းကောင်း၊ မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Upendra Yadav သည်လည်းကောင်း၊ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး Mr. R. Bogollagama သည်လည်းကောင်း အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Hyderabad House သို့ လာရောက်တွေ့ဆုံကြသည်။ (သတင်းစဉ်)

○ စာမျက်နှာ ၉ မှ

ဆက်လက်၍ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် နမ့်စန်-ကျိုင်းတုံ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ် နောက်ပိုင်း ရထားလမ်းခရီးမိုင် ၁၂၁၀ ဒသမ ၅၁ မိုင်၊ ပေ ၁၈၀ အထက် ရထားလမ်းတံတားကြီး ၄၉စင်း အပါအဝင် ရထားလမ်းတံတား ၄၅၅၂ စင်း၊ ရပ်စခန်း အပါအဝင် ဘူတာ ၃၂၅ခုတို့ကို တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းနှင့် ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပြီး ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ နမ့်စန်-ကျိုင်းတုံရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတို့နှင့်အတူ ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

ခရီးမိုင် ၉၅ မိုင်ရှိသော ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် အလယ်ရိုးမ အရှေ့ဘက်ခြမ်းရှိ ပျော်ဘွယ်မြို့မှ အနောက်ဘက်ခြမ်းရှိမကွေးသို့ ရထားလမ်း ဖောက်လုပ်ခြင်းဖြစ်ပြီး အဆိုပါ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက အလယ်ရိုးမကို ဖြတ်ကျော်၍ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိမြို့များသို့ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်သဖြင့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့အတွက် လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် ဧရာဝတီတံတား(မကွေး)မှတစ်ဆင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းသို့အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ပြီး ဆောင်ရွက်ဆဲဖြစ်သည့် ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့်ဆက်စပ်၍ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဒေသများမှ နေပြည်တော်သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ ရထားလမ်းဖောက်လုပ်ရာတွင် ပျော်ဘွယ်-ရေငံလမ်းပိုင်း ခရီးမိုင် ၄ ဒသမ ၇၅မိုင်ကို ၁၉၉၉ ခုနှစ် ဧပြီ ၉ ရက်တွင် ဖောက်လုပ်ပြီးစီးခဲ့ပြီး ရထားများ ပြေးဆွဲနေပြီဖြစ်ရာ ကျန်ရှိသည့် ရေငံ-ရန်အောင်-နတ်မောက်-မကွေးလမ်းပိုင်း ၉၀ ဒသမ ၂၅ မိုင်ကို ဆက်လက်ဖောက်လုပ်သွားမည်ဖြစ်သည်။ ရထားလမ်းတစ်လျှောက် တံတားကြီး/ငယ်ပေါင်း ၃၈၂စင်းကို တည်ဆောက်သွားရန်ရှိသည်။

ဖောက်လုပ်ပြီးစီးပြီးဖြစ်သည့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ နေပြည်တော်မှ တောင်ကြီးအထိ ရထားများ တောက်လျှောက်ပြေးဆွဲနိုင်ပြီး တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲအထိ ခရီးဆက်နိုင်မည်ဖြစ်သည်။ မကြာမီကာလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ အလွယ်တကူဆက်သွယ်သွားလာနိုင်ရေးအတွက် နမ့်စန်-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

နမ့်စန်-ကျိုင်းတုံ ရထားလမ်းသည် ခန့်မှန်းမိုင် ၁၉၀ ခန့်ရှိပြီး လမ်းတစ်လျှောက် သံလွင်မြစ်ကူးတံတားကြီးတစ်စင်းနှင့် ဥမင်လိုဏ်ခေါင်းများကို တည်ဆောက်ဖောက်လုပ်သွားရန် ရှိသည်။



မုတ္တမကမ်းလွန်ပင်လယ်ပြင်မှ ရတနာသဘာဝဓာတ်ငွေ့တူးဖော်ရေး စီမံကိန်းကို တွေ့ရစဉ်။

ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့မှ မြိတ်မြို့သို့ ဖောက်လုပ်ခြင်းဖြစ်ရာ အဆိုပါ ရထားလမ်း ဖောက်လုပ်ပြီးစီးပါက မြန်မာနိုင်ငံမြောက်ဘက် မြစ်ကြီးနားမှ မြန်မာနိုင်ငံ တောင်ဘက်ရှိ မြိတ်မြို့အထိ တစ်ဆက်တည်း ရထားတောက်လျှောက် ပြေးဆွဲနိုင်မည်ဖြစ်သည်။ ထားဝယ်-မြိတ်ရထားလမ်းသည် ခရီးမိုင် ၁၂၇ ဒသမ ၆၂မိုင်ခန့်ရှိကာ သရက်ချောင်း၊ ပြင်ဖြူကြီး၊ ပလောက်၊ ပုလောနှင့် မီးလောင်ချောင်းတို့အား ဖြတ်သန်းဖောက်လုပ်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စီမံကိန်းအလိုက် လိုအပ်ချက်များကို လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောစီမံကိန်းလုပ်ငန်းများကို ရွေးချယ်အကောင်အထည်ဖော်လျက်ရှိရာ၌ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပြီးစီးအောင် ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်း၊ စီမံကိန်းအလိုက် ကုန်ကျစရိတ်များကိုလည်း အနည်းဆုံးဖြစ်အောင် စိစစ်ကြပ်မတ်ချွေတာခြိုးခြံ သုံးစွဲကြရန်ဖြစ်ကြောင်း။

မိမိတို့ ကြိုးပမ်းတည်ဆောက်သော စီမံကိန်းလုပ်ငန်းများသည် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ လူနေမှုအဆင့်မြင့်မားရေးနှင့် မိမိတို့၏ မျိုးဆက်သစ် နောင်လာနောက်သားများ လက်ထက်အထိ ရေရှည်အကျိုးဖြစ်ထွန်းရေးတို့ကို ဖော်ဆောင်နိုင်ရမည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် စီမံကိန်းလုပ်ငန်းများကို ဖိဖိစီးစီးထိထိရောက်ရောက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း မှာကြားပြီး ညှိနှိုင်းအစည်းအဝေး ညနေ ၅ နာရီတွင် ကျင်းပပြီးစီးသည်။

(သတင်းစဉ်)

# နိုင်ငံတစ်ဝန်းမှ ရထားလမ်းစီမံကိန်းများ

☆ ခရီးမိုင် ၉၅ မိုင်ရှိသော ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် အလယ်ရိုးမ အရှေ့ဘက်ခြမ်းရှိ ပျော်ဘွယ်မြို့မှ အနောက်ဘက်ခြမ်းရှိ မကွေးသို့ ရထားလမ်း ဖောက်လုပ်ခြင်းဖြစ်ပြီး အဆိုပါ ရထားလမ်းဖောက်လုပ်ပြီးစီးပါက အလယ်ရိုးမကို ဖြတ်ကျော်၍ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိမြို့များသို့ အလွယ်တကူ ကူးလူးဆက်သွယ်နိုင်။

☆ ဖောက်လုပ်ပြီးစီးပြီးဖြစ်သည့် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ နေပြည်တော်မှ တောင်ကြီးအထိ ရထားများ တောက်လျှောက်ပြေးဆွဲနိုင်ပြီး တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲအထိ ခရီးဆက်နိုင်မည်။

☆ မကြာမီကာလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသများသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် နမ့်စန်-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်။

☆ ထားဝယ်-မြိတ်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် တနင်္သာရီတိုင်း ထားဝယ်မြို့မှ မြိတ်မြို့သို့ ခရီးမိုင် ၁၂၇ ဒသမ ၆၂မိုင်ခန့်ရှိကာ သရက်ချောင်း၊ ပြင်ဖြူကြီး၊ ပလောက်၊ ပုလောနှင့် မီးလောင်ချောင်းတို့အား ဖြတ်သန်းဖောက်လုပ်မည်။

## တောင်ဥက္ကလာ အထက(၄) အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၅**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ ရက်(တနင်္လာနေ့) နံနက်၁၀နာရီမှ ညနေ ၃နာရီထိ အထက(၄) ပတ္တမြားခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လျှုဒါန်းလိုပါက ဦးအေးကို (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၅၁၂၁၊ ဒေါ်ခင်ဝေကြည် (ထ/၄)၊ ဒေါ်ခင်ရွှေမြင့် ဖုန်း-၅၆၄၆၈၆၊ ဦးကြည်လှိုင် (ခ) ကိုဆန်း ဖုန်း-၅၇၁၈၄၀၊ ဦးအောင်စိုး (ချယ်ရီဦးကဖီး) ဖုန်း-၅၇၀၁၉၀၊ ဒေါ်အေးအေးဆင့် (Top မူကြို) ဖုန်း-၅၆၁၈၀၀၊ ကိုစိုးသန့်ဇင် ဖုန်း-၅၆၃၀၃၃၊ ကိုဝဏ္ဏစိုး ဖုန်း-၀၉၅၁၈၄၉၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## ပရီမီယာလိဂ် ပွဲစဉ်(၁၃) ရလဒ်များ

| | | |
|---|---|---|
| ဘော်လ်တန် | ၀-၂ | လီဗာပူး |
| အာဆင်နယ် | ၀-၂ | ဗီလာ |
| ဘလက်ဘန်း | ၁-၂ | ဆန်းဒါးလန်း |
| ဖူလ်ဟမ် | ၂-၁ | စပါး |
| မန်ယူ | ၅-၀ | စတုတ်စီးတီး |
| နယူးကာဆယ် | ၂-၂ | ဝီဂန် |
| ဝက်စ်ဟမ်း | ၀-၀ | ပို့စ်မောက် |

အင်တာနက်

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)အမှတ်(၄၅)ဖြန့်ချီ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၅)၌ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လေတိုက်စားမှုနှင့်ပတ်သက်၍ ထည့်သွင်းတွက်ချက်မှုမရှိသေး၊ ရေဓာတ်ငွေ့ဖြင့် ကားမောင်းခြင်းစမ်းသပ်အောင်မြင်၊ လပွတ္တာမှ မုန်တိုင်းဒဏ်သင့်ဆန်စက်လုပ်ငန်းရှင်များအား သုံးနှစ်ဆိုင်း အကြွေးစနစ်ဖြင့် ဆန်စက်ငယ်များရောင်းချပေးမည်၊ STREAM မော်တော်ဆိုင်ကယ်စီးရေတစ်သောင်းထုတ်လုပ်မည်၊ မြို့ပြအခြေခံလုပ်ငန်းများတွင် ကျွမ်းကျင်မှုအရည်အချင်းက များစွာအရေးပါ၊ ပြည်ပသွားအလုပ်လုပ်သူများ အလုပ်အကိုင်ရရှိရေးသာမက အလုပ်တည်မြဲရေးအတွက်ပါ စာချုပ်ချုပ်ဆိုသင့်၊ စင်ကာပူတွင် ကုမ္ပဏီထောင်လိုသူ မြန်မာလုပ်ငန်းရှင်များကို ကူညီမည်၊ MVZEUS သင်္ဘောနစ်မြုပ်စဉ် ပါဝင်ခဲ့သည့် မြန်မာသင်္ဘောသားရှစ်ဦးတွင် နှစ်ဦးပျောက်ဆုံးနေ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'မေတ္တာပန်းတို့ထာဝရဝေ'၊ 'အမြဲသွေးနေတဲ့ဓား ကြံရည်ဖန်ရည်ရှိတဲ့ သတင်းသမား' လူမှုဘဝနှင့် စာနယ်ဇင်းပညာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'အမေရိကန်တွေအတွက် ဘဝဆိုတာ ပိုပြီးခက်ခဲလာစေမှာဖြစ်ပါတယ်' သမိုင်းပညာရှင် အဲရစ်ဖွန်နာနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ အိုဘားမားကို အာရှနိုင်ငံများ အကဲခတ်စောင့်ကြည့်လျက်ရှိ၊ ဂျာမနီနိုင်ငံတွင် အခြားနိုင်ငံမှအခြေချနေထိုင်သူအမျိုးသားများကို မိသားစုက အတင်းအကျပ်ထိမ်းမြားလက်ထပ်ပေးခဲ့၊ အာရှနှင့်အရှေ့အလယ်ပိုင်းနိုင်ငံများရှိ ကုန်သွယ်မှု ဆက်လက်တိုးပွားလာဖွယ်ရှိ၊ ဂေါ်ဘာချော့ဗ်သမီးအဖြစ်ဟန်ဆောင်၍ မိုနာကိုတော်ဝင်မိသားစုထံချဉ်းကပ်၊ ဂျပန်တွင် အသက်အရွယ်ကြီးသူများပြစ်မှုကျူးလွန်နှုန်းမြင့်တက်လာ၊ ထိုင်းအကျော်ကြားဆုံး ဝေဖန်ရေးဆရာ ဘုရင်ကိုဝေဖန်မှုဖြင့်အဖမ်းခံရ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ဂျပန်သံအမတ်ကြီးတွေ့ဆုံ

**ရန်ကုန်  နိုဝင်ဘာ  ၁၅**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr. Yasuaki Nogawa သည် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ မေခလာခန်းမသို့ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)




# မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးတို့ တွေ့ဆုံ

**ရန်ကုန်  နိုဝင်ဘာ  ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E Mr. Yaron Mayer နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်တို့သည် အောက်တိုဘာ ၂၉ ရက်တွင် အသင်းချုပ်ရုံး၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ပူးပေါင်းကျင်းပနိုင်ရေးကိစ္စနှင့် အစ္စရေးနိုင်ငံ၌ ကျင်းပသော လယ်ယာစိုက်ပျိုးရေးနှင့် စပ်လျဉ်းသည့် သင်တန်းများသို့ ပုဂ္ဂလိကကဏ္ဍမှ သင်တန်းသားများလည်း တက်ရောက်ခွင့် ရရှိရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)** (သတင်းစဉ်)



## Air Bagan Open Golf Championships

# ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန်  နိုဝင်ဘာ  ၁၅**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့က ကြီးမှူး၍ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၇ နာရီခွဲတွင် ပုဂံမြို့ Bagan Golf Resort ၌ ဆက်လက်ကျင်းပသည်။

ဒုတိယနေ့(၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင်(SRIXON)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး နှစ်ရက်ပေါင်း၁၄၂ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ **(ယာပုံ)**

သိန်းဇော်မြင့်(KM) က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်၍ နှစ်ရက်ပေါင်း ၁၄၃ ချက်ဖြင့် ဒုတိယလိုက်နေကြပြီး ဇော်ဇော်လတ်(SRIXON)က နှစ်ရက်ပေါင်း ၁၄၅ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် နေဗလဝင်းမြင့်က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး နှစ်ရက်ပေါင်း၁၄၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ ဘိုဘိုလေးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်၍ နှစ်ရက်ပေါင်း ၁၄၂ ချက်ဖြင့် ဒုတိယလိုက်နေပြီး ရန်မျိုးအေးက နှစ်ရက်ပေါင်း ၁၄၅ ချက်ဖြင့် တတိယလိုက်နေသည်။

နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## သင့်သွေးဖြင့် အသက်ကယ်ပါ

# အထက(၁)လှိုင် မြတ်ဆရာ ပူဇော်ပွဲ

**ရန်ကုန်  နိုဝင်ဘာ  ၁၅**

ရန်ကုန်မြို့ လှိုင်မြို့နယ် အထက(၁)တွင်(၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ) ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများတွေ့ဆုံ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပနိုင်ရေးအတွက် (၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ) ကျောင်းသား၊ ကျောင်းသူဟောင်းများ နိုဝင်ဘာ ၂၂ရက်(စနေနေ့)မွန်းလွဲ၁ နာရီတွင် အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ၌ တွေ့ဆုံညှိနှိုင်းမည်ဖြစ်ကြောင်းနှင့် အလှူငွေထည့်ဝင်နိုင်ရေးအတွက် ဗိုလ်မှူးကြီး ဇော်ထွန်း (ငြိမ်း) ဖုန်း-၀၁-၆၄၂၁၀၃၊ ဦးခင်ဇော် ဖုန်း-၀၉၉၉ ၂၂၅၅၅၊ ၇၀၇၅၇၅၊ ဦးဇေယျ ဖုန်း-၀၉၅၀ ၁၉၈၀၃၊ ဒေါ်လှလှဝင်း ဖုန်း-၀၁-၅၁၇၀၆၄၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၁-၆၈၀၇၁၉ ၊ ဦးလှိုင်ထွန်း ဖုန်း-၀၉၅၁ ၁၉၆၉၀၊ ဦးမောင်မောင် ဖုန်း-၀၉၅၁ ၁၀၇၃၆၊ ဦးစွမ်းဟုတ် ဖုန်း-၀၁-၆၄၁၀၉၉၊ ၀၉၅၀ ၁၂၀၈၀၊ ကိုကိုလတ် ဖုန်း-၀၁-၅၀၁၄၆၆ Ext: ၃၇၉၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၁၂၃၇၀၊ ဒေါ်အေးအေးတင့် ဖုန်း-၀၁-၆၆၇၅၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာများ

## ရပ်ကွက်အတွင်း သစ်ဖြတ်စက်သံဆူညံ

**စာတည်းခင်ဗျား-**

မော်လမြိုင်မြို့ ဈေးကြိုကားဝင်းအနီး ကွင်းရပ် ရပ်ကွက် မုန့်တီးကုန်း ရတနာမြိုင်(၂)လမ်း၌ မီးစက်သံ၊ သစ်ဖြတ်စက်သံဆူညံနေပြီး မီးခိုးများနှင့် အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရွှေမြိုင်သား**

## လူသွားစင်္ကြံ ရှင်းလင်းပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၅ လမ်းနှင့် ၅၆ လမ်းထိပ် အနော်ရထာလမ်းတစ်လျှောက် လူသွားစင်္ကြံပေါ်တွင် စားသောက်ဆိုင်များ ခင်းကျင်းပိတ်ဆို့ ရောင်းချလျက်ရှိရာ ခရီးသွားများ သွားလာရာတွင် အနှောင့်အယှက်ဖြစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ စင်္ကြံတစ်လျှောက် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွားတစ်ဦး**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

## ညှော်နံ့နံမှုးယစ်ဆူညံ

**စာတည်းရှင့်-**

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ရာမလမ်းရှိ အမှိုက်ပုံနှင့် ဈေးလမ်းဘေးရှိ ထမင်းဆိုင်တစ်ဆိုင်သည် နေ့ညမပြတ် ထမင်းဟင်းများ ကြော်လှော်ချက်ပြုတ် ရောင်းချလျက်ရှိရာ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။

ထို့အပြင် ညပိုင်း၌ သောက်စားမူးယစ် ဆူညံနေမှုများကြောင့် လမ်းသွား၊ လမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရာမလမ်းသူများ**

## ငါးပိနှင့်ငါးပုပ်အနံ့ ကျန်းမာရေးထိခိုက်

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း တွံတေးမြို့ ကွမ်းခြံအနောက်ပိုင်းရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် အောင်သပြေလမ်းတစ်လျှောက်တွင် ငါးပိလုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ငါးပိနှင့်ငါးပုပ်အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ငါးပိလုပ်ငန်းများကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**တွံတေးသား**

## ဖိနပ်လုပ်ငန်း အနံ့ဆိုး ပတ်ဝန်းကျင် ပျံ့နှံ့

**စာတည်းရှင့်-**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အထက်စာဂလမ်း (၂၀)ရှိအိမ်တစ်အိမ်တွင် ဖိနပ်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာဂင်းလုပ်ငန်းမှ ထွက်ရှိလာသောအနံ့ဆိုးများကြောင့်ပတ်ဝန်းကျင်တွင်နေထိုင်သူများ၏ ကျန်းမာရေး ထိခိုက်စေပြီး စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။

ထို့အပြင်လုပ်ငန်းသုံးကုန်ကြမ်းများ စွာသိုလှောင်ထားသဖြင့် မီးဘေးစိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။**ရပ်ကွက်သားများ**

## ကျူးကျော်နေထိုင်ဆိုင်ခန်းများ ဖယ်ရှားပေးစေချင်

**စာတည်းခင်ဗျား-**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် ကျုံမငေး ဧရာဝတီ သင်္ဘောဆိပ်အနီး မြစ်ကမ်းနံဘေးတစ်လျှောက်၌ ကျူးကျော်ဆောက်လုပ်ထားသော ဆိုင်ခန်းများတွင် နေထိုင်သူများသည် ညအချိန်မတော် ဆူညံခြင်း၊ စည်းကမ်းမဲ့အမှိုက်နှင့် မစင်စွန့်ပစ်နေခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်နေထိုင်သည့် ဆိုင်ခန်းများအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျုံမငေးသား**

## ခွေးလေခွေးလွင့် ရှင်းလင်းပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မိချောင်းကန်အပိုင်း(၃) ဝေဇယန္တာလမ်းနှင့် ခိုင်မာလာလမ်းထောင့်ဝင်းအတွင်းတွင် ခွေးလေ ခွေးလွင့်များရှိရာ ကလေးသူငယ်များနှင့် လမ်းသွား၊ လမ်းလာများအား ခွေးကိုက်ခံရမည်ကို စိုးရိမ်နေရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

## သံတိုသံစအမှိုက်ပုံ ရှင်းလင်းပေးပါ

**စာတည်းရှင့်-**

ပဲခူးတိုင်း ဝေါမြို့ သစ်စက်ရပ်ကွက် ဘူတာလမ်းအဆင်း၌ သံတိုသံစ အမှိုက်ပုံကြီးရှိရာ မြို့ပြသန့်ရှင်းရေးကို ထိခိုက်စေပြီး မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ အဆိုပါ အမှိုက်ပုံကြီးအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းစေလိုသူ**

## ဝက်မွေးမြူ အနံ့ဆိုးများ ရှင်းလင်းပြီးစီး

၁၃-၉-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆)ရပ်ကွက် ကျောက်စိမ်းမြတ်ရတနာ (၂)လမ်းမှ **ဝက်မွေးမြူရေး အနံ့ဆိုးနံကျန်းမာရေးထိခိုက်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

# မြန်မာအသင်း အကြိုဗိုလ်လုပွဲသို့ တက်

သတင်းနှင့် ဓာတ်ပုံ- စိုးညွန့်(ကြေးမုံ)

ရန်ကုန် နိုဝင်ဘာ ၁၅

**တတိယအကြိမ် Grand Royal Challenge Cup 2008 ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့ညနေ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက အင်ဒိုနီးရှားလက်ရွေးစင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပထမအဖြစ် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။**

**မြန်မာ့လက်ရွေးစင်အသင်း - နှစ်ဂိုး။**
(ရန်ပိုင်နှင့် ကျော်သီဟ)
**အင်ဒိုနီးရှားလက်ရွေးစင်အသင်း - တစ်ဂိုး။**
**အကောင်းဆုံးဆု - ရာဇာဝင်းသိန်း(မြန်မာ)**
**ဒိုင်လူကြီး - မဟာပက်ချီရာအလီ(ထိုင်း)**

ပထမပွဲတွင် ဘင်္ဂလားဒေ့ရှ်အသင်းကို ဂိုးမရှိသရေသာကစားနိုင်ခဲ့သည့် မြန်မာအသင်းမှာ အင်ဒိုနီးရှားကို အနိုင်ယူပြီး အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ မြန်မာအသင်းမှာ ပထမပွဲ လူစာရင်းထဲမှ ပိုင်စိုးအစား ဇော်ထက်အောင်ကိုထည့်သွင်းကစားသည်မှလွဲ၍ကျန်ကစားသမားများကို အပြောင်းအလဲမလုပ်ဘဲ ပွဲထွက်ခဲ့ပြီး အုပ်စုတက်ရန်သေချာနေသည့် အင်ဒိုနီးရှားအသင်းမှာ အမာခံကစားသမားအချို့ကို အနားပေးထားခဲ့သည်။

မြန်မာအသင်း၏ အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲဖြစ်သောကြောင့် ပွဲစကတည်းက တိုက်စစ်ကို အားပြုကစားခဲ့သော်လည်း အင်ဒိုနီးရှားအသင်းက ဦးဆောင်ဂိုးစတင်ရရှိသွားခဲ့သည်။ ၃၈မိနစ်တွင် ထောင့်ကန်ဘောမှ လျှံထွက်လာသော ဘောလုံးကိုနံပါတ်-၁၄ဆိုရန်က အဝေးမှ မနားတမ်း ကန်သွင်းသွားခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ မြန်မာအသင်းကစားအား ပြန်တင်လာပြီး ၄၄မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ရန်ပိုင်က ချေပဂိုးပြန်လည် သွင်းယူသွားသည်။

မြန်မာဘောလုံးပရိသတ်တို့၏ တစ်ခဲနက်အားပေးမှုနှင့် အတူ မြန်မာအသင်းမှာ ဒုတိယပိုင်းတွင် အနိုင်ဂိုးရရှိရန် ကြိုးစားလာခဲ့သည်။ ညာတောင်ပံမှ ရာဇာဝင်းသိန်းမှာ တိုက်စစ်ကိုအများဆုံးပံ့ပိုးပေးနိုင်ခဲ့ပြီး ၆၈မိနစ်တွင် ရာဇာဝင်းသိန်း ကန်သွင်းရာမှ ပြန်ထွက်လာသောဘောလုံးကို ကျော်သီဟက ပိတ်သွင်းယူခဲ့၍ မြန်မာအသင်း အနိုင်ဂိုးရရှိသွားသည်။ အနိုင်ဂိုးသွင်းသူ ကျော်သီဟမှာ ဒုတိယပိုင်းအစတွင် ဒဏ်ရာရသွားသည့် ရန်ပိုင်အစား လူစားလဲဝင်ရောက်ကစားခြင်းဖြစ်သည်။

ဒီဇင်ဘာလအတွင်းကျင်းပမည့် အာဆီယံဆူဇူကီးပြိုင်ပွဲတွင် တစ်အုပ်စုတည်းကျရောက်နေသည့် မြန်မာနှင့် အင်ဒိုနီးရှားတို့ ယင်းပြိုင်ပွဲအကြို တွေ့ဆုံခြင်းလည်းဖြစ်သည်။

ပွဲအပြီးတွင် အကောင်းဆုံးဆုရ ရာဇာဝင်းသိန်း(မြန်မာ)အား International Beverages Trading Co., Ltd. မှဒါရိုက်တာ ဦးဇော်ထိုက်က အမေရိကန်ဒေါ်လာ ၂၀၀ချီးမြှင့်သည်။ (က)အုပ်စုပွဲစဉ်များ ပြီးဆုံးသွားရာ မြန်မာအသင်းက တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားက တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ဘင်္ဂလားဒေ့ရှ်မှာ အုပ်စုမှ ထွက်သွားရသည်။

အနိုင်ရရှိသွားသော မြန်မာအသင်း နည်းပြချုပ် မားကို့စ်ဖလော်ပါက ယခုပွဲအနိုင်ရရှိရန် လူအပြောင်းအလဲလုပ်ပြီး တိုက်စစ်အားတင်ကစားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးစားသွားမည် ဖြစ်သော်လည်း အဓိကရည်မှန်းချက်မှာ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်ပင်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲဝင်အသင်းများမှာ အသင်းကောင်းများဖြစ်ကြ၍ နောက်အဆင့်များတွင် ခက်ခက်ခဲခဲကစားရနိုင်ကြောင်း ပြောကြားသွားသည်။

အင်ဒိုနီးရှားလက်ထောက်နည်းပြ ပူထရိုက မြန်မာအသင်းကစားပုံကောင်းပါကြောင်း၊လူစုံကစားရရန်အတွက် အရန်ကစားသမားအချို့ကို ပွဲထုတ်ခဲ့သော်လည်း မြန်မာအသင်းကို အနိုင်ရရန် ကြိုးစားခဲ့ပါကြောင်း၊ မြန်မာပရိသတ်များ၏ အားပေးမှုမှာ အလွန်မှုတခဲ့ကြောင်း၊ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်အချို့က မိမိတို့ကိုနစ်နာ စေပါကြောင်းဖြင့် ပြောကြားသွားသည်။

**မလေးရှားနှင့်အူလ်ဆန်ဟွန်ဒိုင်းတစ်ဂိုးစီသရေကျ**

ယမန်နေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် အုပ်စုပွဲစဉ်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့်အူလ်ဆန်ဟွန်ဒိုင်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့်သရေပွဲဖြစ်သွားသည်။

**ယနေ့ပွဲ**

**ညနေ ၃နာရီခွဲ**

**အူလ်ဆန်ဟွန်ဒိုင်းကလပ်အသင်းနှင့် ဗီယက်နမ်အိုလံပစ်အသင်း**

(ကြေးမုံ)



**အင်ဒိုနီးရှား တိုက်စစ်ကို ကာကွယ်ဖျက်ထုတ်နေသည့် မြန်မာခံစစ်မှူး ဇော်လင်းထွန်း။**



**၂၀၀၈ခုနှစ် (၃၄)ကြိမ်မြောက် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် စွယ်စုံတံခွန်စိုက်ဒိုင်းဆု ရရှိသွားသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဆုချီးမြှင့်နေစဉ်။** (မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်)

## SHINE Universal Services ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

SHINE Universal Services Co., Ltd. က ကြီးမှူး၍ နိုဝင်ဘာလတွင်း၌ Seminar နှင့် Workshop များကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

SHINE Universal Services သည် မြန်မာနိုင်ငံရှိ ကျောင်းသား၊ ကျောင်းသူများ၏ အားသာချက်၊ အားနည်းချက်နှင့် အရည်အချင်းများကို ဖော်ထုတ်၍ အကောင်းဆုံးအခွင့်အရေးများကို ရယူနိုင်မည့် Gateway သဖွယ်အကြံပေးကူညီနေသော ပညာရေးဝန်ဆောင်မှု အဖွဲ့အစည်းဖြစ်သည်။

နိုဝင်ဘာလအတွင်း ကျောင်းသားများအတွက် စိတ်ဝင်စားစရာဖြစ်စေမည့် စင်ကာပူသမ္မတနိုင်ငံမှ ကျောင်းအချို့၏ပညာရပ်ဆိုင်ရာ (Seminar) ဆွေးနွေးပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို အောင်မြင်စွာဖြတ်ကျော်ရယူနိုင်ရေးအတွက် အထောက်အကူဖြစ်စေသော (Workshop) အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်သည်။

CAT., ACCA စာရင်းကိုင်သင်တန်း ဘာသာရပ်များကို စိတ်ပါဝင်စားသူများအတွက် စင်ကာပူသမ္မတနိုင်ငံ SAA သင်တန်းကျောင်းနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်၌ Seminar ကျင်းပပေးမည်ဖြစ်ပြီး Engineering Electrical Electronic Mechatronic MBA ဘာသာရပ်များကို စိတ်ပါဝင်စားသူများအတွက် စင်ကာပူသမ္မတနိုင်ငံ Tyndale Educational Group နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၂၂ရက်၌ Seminar ကျင်းပပေးမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းအတွက် Interviews များနှင့် CV, Resume များကို ရေးသားရာတွင် အထောက်အကူဖြစ်စေမည့် အရည်အချင်းများရရှိရန် စင်ကာပူသမ္မတနိုင်ငံမှ Mr. Ong က “Excel In Your Job Interviews” ခေါင်းစဉ်ဖြင့် ကျင်းပပေးမည့် Workshop ကို နိုဝင်ဘာ ၂၉ရက် နှင့် ၃၀ရက်တို့တွင် တက်ရောက်ဆွေးနွေးလေ့လာနိုင်ရန် SHINE မှစီစဉ် ဆောင်ရွက်နေကြောင်း သိရှိရသည်။ (သတင်းစဉ်)


**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင် မူးယစ်ဆေး**


## ခိုင်မောခ်မုန်တိုင်းအိန္ဒိယသို့ဝင်ရောက် တောင်တရုတ်ပင်လယ်ပြင်မှမုန်တိုင်းငယ်ပျက်ပြယ်

ရန်ကုန် နိုဝင်ဘာ ၁၅

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** လွိုင်လင်မြို့တွင် ၂ဒီဂရီ စင်တီဂရိတ်၊ ဟားခါးမြို့တွင်၄ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၆ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း‘ခိုင်မောခ်’ သည် အနောက်မြောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျားလျက်ရှိရာ ယနေ့မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ်ကမ်းခြေကို မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ အဆိုပါ ဆိုင်ကလုန်း မုန်တိုင်းသည် နောက် ၁၂နာရီအတွင်း ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ထူးခြားသည့်အခြေအနေ။** ။ ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

**နိုဝင်ဘာ ၁၆ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၁ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၁၄-၁၁-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၂ ဒီဂရီဖာရင်ဟိုက်) ၁၅-၁၁-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၆၅ရာခိုင်နှုန်း ၁၅-၁၁-၂၀၀၈

နေပူသည့်နာရီပေါင်း ( ၆ဒသမ၈)နာရီခန့် ၁၄-၁၁-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၅-၁၁-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှ | ၂၈၀၂ မမ | ၃၀၇၂မမ | ၃၅၈၀မမ |
| ယနေ့အထိ | (၁၁၀ဒသမ၃၁လက်မ) | (၁၂၀ဒသမ ၉၅လက်မ) | (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၄-၁၁-၂၀၀၈ ရက် ၁၂း၃၀နာရီတွင် အရှေ့တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းမုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်

**နေပြည်တော် နိုဝင်ဘာ ၁၅**

ယနေ့မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း (ခိုင်မောခ်)သည် အိန္ဒိယသမ္မတနိုင်ငံ အင်ဒရာပရာဒက်ရှ် ကမ်းခြေကို မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်း မုန်တိုင်းအဖြစ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၁နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ Hotel Taj Palace ရှိ Shahjehan Hall ၌ကျင်းပသည့် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၏ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်သည်။**

အဆိုပါအလွတ်သဘောအစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖခ့်ရူဒင်အာမက်၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ် Lyonchhen Jigmi Y. Thinley၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ် Pushpa Kamal Dahal Prachanda၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပတ်ခ်ဆာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် Mr. Somchai Wongsawat ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများသည် ကမ္ဘာတွင် လက်ရှိကြုံတွေ့နေရသော **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧






## တက်ရောက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ ဒုတိယအကြိမ် ဘင်းမ်စတက်အစည်းအဝေးနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၅

**ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖခ့်ရူဒင်အာမက်သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

## တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာဖခ့်ရူဒင်အာမက်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာအစ်ဖ်တက်ကာ အာမက်ချောင်ဒရီနှင့် တာဝန်ရှိအရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအပေါ် ချစ်ကြည်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေး အရာရှိချုပ် ဒေါက်တာဖခ့်ရူဒင်အာမက်အား အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ Shangri-La Hotel ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး